သက္ကတိ၊ ဘိက္ခုနီ အနုတ္တာယ ပရိသက္ကတိ၊ ဘိက္ခုနီ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခု အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခု ဘိက္ခုဟိ ဘေဒေတိ၊ ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။

ဒသဟိ၊ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေ၏(အပေါ်၌)။ ဒဏ္ဍကမ္မံ၊ ဒဏ်အမှုကို။ ကာတဗ္ဗံ၊ ပြုထိုက်၏။ ဝိကာလဘောဇနာ၊ နေလွှဲအခါ၌ စားခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ၊ ကိုယ်တိုင်ကခြင်း, သူတပါးကို ကစေခြင်း, ကိုယ်တိုင် သီဆိုခြင်း, သူတပါးကို သီဆိုစေခြင်း, ကိုယ်တိုင် တီးမှုတ်ခြင်း, သူတပါးကို တီးမှုတ်စေခြင်း, ဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက်စို့ပမာဖြစ်သော ကြည့်ရှု နားထောင်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနာ၊ ပန်းပန်ခြင်း, နံ့သာပျောင်းတို့ဖြင့် နိမ့်ရာအရပ်ကို ပြည့်စေခြင်း, အရောင်တင်ဆေး, ရေမွှေး, နံ့သာဆီ, နံ့သာရည် သနပ်ခါးတို့ဖြင့် လိမ်းကျံ ခြယ်လှယ်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဉစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ, ကြီးကျယ်ခမ်းနား ဆန်းပြားသောနေရာ၌ ထိုင်ခြင်း, အိပ်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဇာတရူပ ရဇတပဋိဂ္ဂဟဏာ၊ ရွှေ ငွေကို ကိုယ်တိုင် ခံယူခြင်း, သူတပါးကို ခံယူစေခြင်း, အပ်နှံ ချထား၍ လှူသည်ကို သာယာခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။